# မြန်မာသမိုင်းပညာရှင်၏ အမှာစာ

စာရေးသူမောင်ရေစက်၏ ကြံ့ခိုင်ရေး ဘာလဲ၊ ဘယ်လဲ ဟူသည့်အခန်းဆက်ဆောင်းပါးကို အပတ်စဉ်စောင့်ဖတ်မိသည်။ ထိုသို့ဖတ်ရသည့်အကြောင်းရင်းတစ်ခုမှာ အခိုင်အမာတည်ဆောက်ထားသည်ဟု ထင်ထားသည့်အဖွဲ့အစည်းတစ်ခု၏ အခြေအနေအစစ်အမှန်ကို ကြားဖြတ်ရွေးကောက်ပွဲတွင် တွေ့လိုက်ရခြင်းကြောင့်ဖြစ်သည်။ ထိုအခြေအနေမှန်၏ အတွင်းရေးများက မည်သည့်အချက်များ ဖြစ်သည်ကို အသေအချာသိလိုစိတ် ကြောင့် စောင့်ဖတ်မိခြင်းပင်ဖြစ်သည်။ ဖတ်ရကျိုးလည်း နပ်သည်ဟုသုံးသပ်မိသည်။ သို့သော် စာရေးသူ မောင်ရေစက်က အချို့သောအချက်အလက်များသည် သက်ဆိုင်ရာ၏ သည်းခံနိုင်မှုအချိန်အဆမည်မျှရှိမည်ကို မသိရသဖြင့် ချန်လှပ်ထားသည်များ ရှိသည်ဟုလည်း ရေးသားထားသည်ကို တွေ့ရသဖြင့် ထပ်မံသိလိုစိတ်ပင်ဖြစ်ခဲ့ရပေသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးသမိုင်း၊ပါတီအဖွဲ့အစည်းများသမိုင်းတွင် ကွဲကြပြိုကြခြင်းများ၊ ကျဆုံးကြခြင်းများကို လေ့လာတွေးဆမှုများ အဖန်ဖန်ပြုလုပ်ခဲ့ဖူးပေသည်။ စာတစ်စောင်ပေတစ်ဖွဲ့အဖြစ်လည်း ရေးခဲ့ဖူးပေသည်။ များသောအားဖြင့် မြန်မာနိုင်ငံတွင် အားကောင်းသည့်အဖွဲ့အစည်းများ ဖွဲ့စည်းမှုသည်အာဏာနှင့် ယှဉ်တွဲကာဖြစ်ပေါ်လာကြသည်ကများပြီး ပါတီအဖွဲ့အစည်းများ တောက်ပြောင်လာမှုသည် အာဏာအချိန်အဆနှင့်ဆက်နွယ်နေကြသည်ကိုတွေ့ရသည်။ အစိုးရအာဏာ၊ ပုဂ္ဂိုလ်ရေး အာဏာများနှင့်ဆက်စပ် တည်ထောင်ကြခြင်းဖြစ်သဖြင့် ထိုအစိုးရ၊ ထိုလူပုဂ္ဂိုလ်တို့ အခြေအနေများအတိမ်းအစောင်းသည် ပါတီအဖွဲ့အစည်းများအပေါ်များစွာ သက်ရောက်မှုရှိတတ်ပေသည်။ ကြံ့ခိုင်ရေးပါတီသည်လည်း ထိုသို့ပင်။ အာဏာရအစိုးရအဖွဲ့အစည်းများနှင့် ဆက်နွယ်ဖွဲ့စည်းထားသဖြင့် အခွင့်အရေးတစ်ရပ်ရလိုသူများ၊ အလုံးအရင်းနှင့် ဝင်လာသကဲ့သို့ထိုသူများ၏နေရာရရေးကြိုးပမ်းချက်များအပေါ် အမှန်တကယ်ဟု ယူဆကာ နေရာပေးခဲ့ခြင်းကြောင့် ယုံကြည်ချက် အပေါ်အခြေခံသူတို့၏ ယုံကြည်မှုကင်းမဲ့ခြင်း၊ ပြဿနာကိုရင်ဆိုင်ခဲ့ရသည်။ အချို့အသင်းဝင်ကြသူများမှာ အာဏာရအစိုးရနှင့်ဆက်နွယ်နေသော အသင်းဖြစ်သဖြင့် အန္တရာယ်ပေးမည်ကို စိုးရိမ်သဖြင့် ဝင်ရသည့်အသင်းသားများကလည်း အများအပြားပင်။ အကြောက်တရားဖြင့် အသင်းဝင်ရသူတို့ထံမှ အမြော်အမြင်ကိုမရနိုင်သကဲ့သို့ အခွင့်အရေးသမားများထံမှလည်း အမြော်အမြင်ကို ရရှိနိုင်မည် မဟုတ်ပေ။ မည်သူတို့သည် အသင်းအပေါ်ခံယူချက်အပြည့်ဖြင့်လုပ်သည်ဟု ဝေဖန်ဆန်းစစ်မှု မရှိသည့် တာဝန်ရှိသူတို့တွင်သာ တာဝန်ရှိပေသည်။

ဝန်ထမ်းများ အသင်းမဝင်လျှင် ရာထူးမတိုးနိုင်မည်စိုးရိမ်သကဲ့သို့ ရာထူးတိုးလျှော့ မေးမြန်းလျှင်လည်း အသင်းဝင်မဝင် အမေးခံရမည်ဖြစ်သဖြင့် အသင်းဝင်ကြရသည်များလည်းရှိပြန်သည်။ ဝန်ထမ်းများ နိုင်ငံရေးမလုပ်ရဟု အမိန့်ထုတ်ထားသော်လည်း ကြံ့ခိုင်ရေးပါတီဝင်လျှင်တော့ ပါတီ နိုင်ငံရေးမဟုတ်တော့ဘဲ အမျိုးသားနိုင်ငံရေးဖြစ်သွားပြန်သဖြင့် ဝင်ခွင့်ရှိပြန်သည်။ ထိုအခြေအနေများနှင့် ဆက်နွယ်ကာ အသင်းသားဦးရေများ မြန်မာတစ်နိုင်ငံလုံးသိမ်းကျုံးရရှိခဲ့ပေသည်။ အောက်ခြေကလိမ်သကဲ့သို့ အပေါ်က အလိမ်ခံသဖြင့် အမှားတရားခံရှာရန် ခက်လှပေသည်။

ထိုအခြေအနေကို အစစ်အမှန်ဟု ထင်မြင်ထားခြင်းကပင်လျှင် တာဝန်ရှိသူတို့၏ အတွေးချော်မှုတစ်ရပ်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက်ဖြတ်သန်းလာရသဖြင့် ဘဝပေးအသိအရ အတွင်းစိတ်နှင့်အပြင်သဏ္ဍာန်သည် တခြားစီဖြစ်လာကြသည်။ ပါလီမန်လက်ထက်ကပင်လျှင် လူ-တည်မြဲ၊ မဲ- သန့်ရှင်းဟူသည့် စကားတစ်ခုတွင်လာခဲ့သည်။ တည်မြဲဟု ကြွေးကြော်သူများက မဲပေးသည့်အခါ သန့်ရှင်း၊ ဖဆပလသို့မဲပေးခြင်းကြောင့် မှန်းချက်မကိုက်သည့်ဖြစ်ရပ်ကသမိုင်းတွင်ရှိပြီးသားဖြစ်သည်။ တည်မြဲက အာဏာရှိသူတို့နှင့်ဆက်နွယ်ကာ ခြိမ်းခြောက်ခဲ့သည်ပင်လျှင် လူတို့၏ အတွင်းစိတ်ကို ကျော်လွှန်နိုင်ခြင်း မရှိခဲ့ခြင်းက သမိုင်းသင်ခန်းစာတစ်ရပ်ပင်။

ကြံ့ခိုင်ရေးပါတီသည်

အာဏာရအစိုးရအဖွဲ့အစည်းများနှင့်

ဆက်နွယ်ဖွဲ့စည်းထားသဖြင့်

အခွင့်အရေးတစ်ရပ်ရလိုသူများ

အလုံးအရင်းနှင့် ဝင်လာသကဲ့သို့ထိုသူများ ၏

နေရာရရေးကြိုးပမ်းချက်များအပေါ် အမှန်တကယ်ဟု

ယူဆကာ နေရာ ပေးခဲ့ခြင်းကြောင့် ယုံကြည်ချက်

အပေါ်အခြေခံသူတို့၏ ယုံကြည်မှုကင်းမဲ့ . . .

ထို့အတူပင် ကြံ့ခိုင်ရေးပါတီသည် အင်ပြည့်အားပြည့် (အသင်းသားတရင်း) ရှိနေသဖြင့် မည်သူမျှ စိုးရိမ်ရောမလိုဟု ယူဆထားရာမှ ကြားဖြတ်ရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ တပ်မိသားစု အင်အားများ အခိုင်အမာဖြင့် တည်ဆောက်ထားသည့် မြို့တော်တွင်ပင် ကျဆုံးခဲ့ရသည့်အခါအတော်အရှိုက်ထိသွားမည်ဖြစ်သည်။ သို့သော် အမြော်အမြင်ကိုမူ ယနေ့တိုင်တွက်ဆမိဟန် မတူသေးချေ။ ပြည်သူတို့၏ရုပ်ကိုရခြင်းထက် ပြည်သူတို့၏စိတ်ကိုရအောင်ကြိုးပမ်းရန် လိုအပ်ပေသည်။ အာဏာဖြင့် စည်းရုံးခြင်း၊ ငွေဖြင့်စည်းရုံးခြင်း၊ အခွင့်အရေးနှင့် စည်းရုံးခြင်းတို့သည် စိတ်ကိုရရန် မလွယ်ကူချေ။ ဖိနှိပ်မှု၊ အာဏာပြမှုများကို ခေတ်အဆက်ဆက်ခံခဲ့ရပြီး ဖြစ်သဖြင့် ပြည်သူတို့၏ အတွင်းစိတ်က အတော်ပင် ငြီးငွေ့နေပေပြီ။ မောင်ရေစက်က ကြံ့ခိုင်ရေး၏ အခြေအနေမှန်များကို အိတ်ဖွင့်ပေးစာပမာရေးသားတင်ပြထားသဖြင့် မည်သည့်နေရာများတွင်အားနည်းချက်များရှိသည်ကို သိလာရသည်။ ပြင်ဆင်သင့်သည့်အပိုင်းများကိုလည်း ရေးသားတင်ပြထားသည်ကိုတွေ့ရသည်။ ပြင်နိုင်မည်ဆိုလျှင်တော့ အချိန်မီနိုင်သေးပေသည်။ သို့သော် စိတ်ဓာတ်ပိုင်းကစတင်ကာ ခိုင်မာကျစ်လျစ်သော ပါတီတစ်ခုဖြစ်ရေးအတွက် တစ်ကပြန်စရန် အကြံပေးချက်မှာ အသင့်ဖြစ်နိုင်မဖြစ်နိုင်ကိုနောင်အခါ မောင်ရေစက်က ဆက်ရေးလာလျှင် စောင့်ဖတ်ကြည့်ရဦးမည်။

မြင့်သိန်း
(ဒုတိယ ညွှန်ကြားရေးမှူးချုပ် – (ငြိမ်း)၊
သမိုင်းသုတေသန ဦးစီးဌာန)
၀၁း၃၀ နာရီ (၂၃-၄-၂၀၀၄)
ရန်ကုန်တက္ကသိုလ်။